# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 24 , 2023 Volume 62, Number 16


၂၄.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၇၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်နှင့်ဆန်ကွဲအဝင်နည်းပြီး သဘော်ာတင်များရှိနေ

ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်း ဆန်နှင့်ဆန်ကွဲ အဝင်နည်းနေပြီး သဘော်ာတင်များရှိသောကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဘုရင့်နောင်) အတွင်းရေးမှူး ဦးသန်းဦး၏ ပြောဆိုချက်အရသိရသည်။

ယခုရက်ပိုင်းအတွင်း ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ ဝန်းကျင်အထိ မြင့်တက်လျက်ရှိကာ ဇန်နဝါရီ ၂၁ ရက် က ပြည်ပပို့ဆန်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ အထိ ဈေးနှုန်းရရှိနေကြောင်း သိရသည်။ "ဝယ်လိုအားများနေပြီး အဝင်နည်းနေတာကြောင့် ဈေးကွက်မှာ နည်းနည်းအရောင်းသွက်နေပါတယ်။ သဘော်ာတင်သမားတွေ အဝယ်များနေလို့ ဈေးတက်သွားတာပါ။ ပင်လယ်ရေကြောင်းကနေ ဥရောပဘက်ကို ကွန်တိန်နာတွေနဲ့သဘော်ာတင်တွေအတွက် အဝယ်လိုက်နေတာဖြစ်ပါတယ်" ဟု ဦးသန်းဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခင်က တစ်ရက်လျှင် ဆန်နှင့်ဆန်ကွဲအိတ်ရေ ၇၀၀၀၀ မှ ၈၀၀၀၀ အတွင်း ဝင်ရောက်လေ့ရှိသော်လည်း လတ်တလောတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တစ်ရက်လျှင် ဆန်နှင့်ဆန်ကွဲအိတ်ရေ ၃၀၀၀၀ မှ ၅၀၀၀၀ အတွင်းသာ ဝင်ရောက်ကြောင်းသိရသည်။ "အခုက မိုးစပါးလက်ကျန်တွေရောင်းနေတာပါ။ တောင်သူတွေလက်ထဲမှာမရှိတော့ဘဲ လှောင်ထားတဲ့ ကုန်သည်နဲ့စက်ပိုင်တွေ လက်ထဲမှာပဲရှိတယ်။ သူတို့ကြိုက်တဲ့ဈေးရမှ ကြိတ်ပေးတာပါ။ အဲဒီလိုကြိတ်ပေးတာကို ဝယ်ရတော့ ဈေးကမြင့်သွားတာပါ။ နွေစပါးပေါ်ပြီးမှပဲ ဈေးကွက်ကို ပြန်ထိန်းနိုင်ပါမယ်။ လက်ရှိ ဝယ်လိုအားများနေတော့ ဆန်ဈေးက အမြင့်ဘက်ကိုရောက်နေတယ်။ အရောင်းကျွံထားတဲ့သူကတော့ အရှုံးခံပြီးဝယ်ရတဲ့သဘောဖြစ်တာပေါ့။ လက်ရှိကတော့ မတ်လအထိ ဒီအခြေအနေအတိုင်းပဲ ဆက်ရှိနေမှာပါ။ မတ်လ နွေစပါးတွေပေါ်မှ ဈေးကွက်ပြန်ပြီး အေးနိုင်ပါတယ်" ဟု ဦးသန်းဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အဓိကဝင်ရောက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ဆန်နှင့်ဆန်ကွဲအများစုမှာ ပြည်ပ တင်ပို့သည့် ဆန်အမျိုးအစားများ ဖြစ်သည်။ မန္တလေးဈေးကွက်၌ လတ်တလောတွင် ဈေးနှုန်းရရှိမှု ပိုမိုများပြားနေသည့်အတွက် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ၃၀ ရာခိုင်နှုန်းသာတင်ပို့ပြီး မန္တလေးဈေးကွက်သို့ ၇၀ ရာခိုင်နှုန်းအထိ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35792

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျပ် ၁၇၈၅ သန်းကျော်ရှိသည့် ဆန်၊ ပြောင်း ကြိတ်ခွဲထုတ်လုပ်တင်ပို့ ရောင်းချခြင်းလုပ်ငန်းတစ်ခုကို ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်ဆောင်ရွက်ရန် အတည်ပြု

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျပ် ၁၇၈၅ သန်းကျော်ရှိသည့် ဆန်၊ ပြောင်းကြိတ်ခွဲထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းတစ်ခုကို ရာနှုန်းပြည့်နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့်ဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးလိုက်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ၁/၂၀၂၃ ကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီလ ၁၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆန်၊ ပြောင်းကြိတ်ခွဲထုတ်လုပ် တင်ပို့ရောင်းချခြင်းလုပ်ငန်းတစ်ခုကို အတည်ပြုပေးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၁၇၈၅ ဒသမ၈၂၅ သန်းရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၉ ခု ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၏ တည်ဆောက်ရေးကာလ တိုးမြှင့်ရေးကိစ္စအပေါ် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သိရသည်။

၁၉၉၄ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉၁၀ ခုမှ ကျပ် ၂၃၃၄၃ ဘီလျံကျော် ရင်းနှီးမြှုပ်နှံရန်ခွင့်ပြုထားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍမှ အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန် ကြားမှုဦးစီးဌာနမှ သိရသည်။

၁၉၉၄ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကုန်အထိကဏ္ဍအလိုက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ကျပ် ၅၁၇၄၈၀၈ ဒသမ ၆၀၈ သန်း၊ အိမ်ခြံမြေဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါ အဝင် ကျပ် ၄၈၉၆၆၇၇ ဒသမ ၄၁၇ သန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ကျပ် ၃၇၆၉၃၄၁ ဒသမ ၅၅၄ သန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ၂၈၀၂၇၇၄ ဒသမ ၀၀၄ သန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကျပ် ၂၄၃၇၅၃၇ ဒသမ ၆၀၅ သန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျပ် ၁၄၅၈၄၉၄ ဒသမ ၂၉၂သန်း၊ စွမ်းအင်ကဏ္ဍတွင် ကျပ် ၁၁၀၄၄၃၉ ဒသမ ၁၅၂သန်း၊ စက်မှုဇုန်ကဏ္ဍတွင် ကျပ် ၈၉၉၈၂၈ ဒသမ ၉၀၀ သန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် ၄၃၅၆၅၉ ဒသမ ၉၁၉ သန်း၊ သတ္တုကဏ္ဍတွင် ကျပ် ၂၄၇၀၉၄ ဒသမ ၇၃၆ သန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ကျပ် ၁၀၂၁၀၄ ဒသမ ၆၄၁ သန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကျပ် ၁၅၂၂၃ ဒသမ ၉၅၉ သန်း ဖြင့် စုစုပေါင်း ကျပ် ၂၃၃၄၃၉၉၄ ဒသမ ၉၅၉ သန်း ခွင့်ပြုပေးထားကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၃၀ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၈၈၁ ဘီလျံကျော်(၁၈၈၁၄၅၉ ဒသမ ၅၀ သန်း)၊ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသားရင်း နှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၁ ခုမှ ရင်းနှီးမြှုပ်နှံမှုကျပ် ၁၁၇၁ ဘီလျံကျော် (၁၁၇၁၈၀၃ ဒသမ ၈၁ သန်းကျော်) ခွင့်ပြုပေးခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍသည် စုစုပေါင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၈၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍမှ ၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှ ၃ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်။

**Source:** https://news-eleven.com/article/243406

## ပြည်ပဝယ်လိုအားများကြောင့် ယခုတစ်ပတ်အတွင်း နှမ်းဈေးနှုန်း မြင့်တက်လာ


https://www.myawady.net.mm/node/35829

ယခုလအတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်လိုက်သည့်အပြင် ပြည်ပဝယ်လိုအားများကြောင့် ယခုတစ်ပတ်အတွင်း နှမ်းဈေးနှုန်း မြင့်တက်လာကာ အရောင်းသွက်နေကြောင်း မန္တလေးပဲနှမ်းဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ဈေးနှုန်းမြင့်တက်ရာတွင် တစ်ပတ်တာကာလအတွင်း နှမ်းတစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ မှ ၂၀၀၀၀ အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"နှမ်းဈေးကွက်က လက်ကျန်နည်းနေတော့ ဝယ်လိုအားများပြီး ပြီးခဲ့တဲ့လကတည်းက တဖြည်းဖြည်း ဈေးတက်နေတာပါ။ လက်ရှိမှာ ပြည်ပကို ပင်လယ်ရေကြောင်းကလည်း တင်ပို့တယ်။ နယ်စပ်ကလည်း တင်ပို့တယ်။ ပြည်တွင်းလှောင်လက်တွေကလည်း ဝယ်နေတဲ့အတွက် ဝယ်လိုအားများပြီး ဈေးတက်လာတာပါ။ တရုတ်နှစ်သစ်ကူးပြီးရင် ပိုသွက်လာနိုင်တယ်"ဟု မန္တလေးမြို့မှ ပဲနှမ်းကုန်သည် ဦးကြည်ဝင်း ကပြောသည်။

လတ်တလောတွင် နှမ်းဖြူတစ်တန်လျှင် ငွေကျပ် သိန်း ၄၀ ကျော်၊ နှမ်းညိုတစ်တန်လျှင် ငွေကျပ် ၃၅ သိန်းခန့်နှင့် နှမ်းနက်(စမုန်)တစ်တန်လျှင် ငွေကျပ် ၄၂ သိန်းကျော်အထိ ဈေးနှုန်းအသီးသီးရှိနေကြောင်းသိရသည်။ လက်ရှိတွင် တရုတ်နှင့်ဂျပန်နိုင်ငံတို့သို့ တင်ပို့ရန် ဝယ်ယူနေခြင်းဖြစ်ကြောင်း၊ မန္တလေးဈေးကွက်သို့ နှမ်းဝင်ရောက်မှု နည်းပါးနေကြောင်း သိရသည်။

ဇန်နဝါရီ ၂၃ ရက်တွင် မန္တလေးဈေးကွက်၌ နှမ်းဖြူ ၄၅ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ မှ ၂၉၅၀၀၀၊ နှမ်းညို ၄၅ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ်၂၃၅၀၀၀ မှ ၂၄၀၀၀၀၊ ဆောင်းနှမ်း ၄၅ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ မှ ၂၄၅၀၀၀၊ နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ မှ ၂၄၅၀၀၀၊ နှမ်းနက်(စမုန်) ၄၅ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ မှ ၃၀၈၀၀၀ အထိ ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35829

## သဇင်မြေကုန်သွယ်မှုဗဟိုဌာနမှ ကုန်သွယ်မှုသတင်း

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေး စခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်မှုကုန်ချောအနေဖြင့် ဇီးယိုထုပ် တန်ချိန် ၁၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးယိုထုပ် တန်ချိန် ၂၂ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးယိုထုပ်တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ဇီးယိုထုပ် တင်ပို့နိုင်မှုငွေပမာဏမှာ ၄၅၀၀ ဒေါ်လာတင်ပို့မှုရှိခဲ့ကြောင်း သတင်းရရှိပါသည်။

Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## ဘတ်ငွေမာသဖြင့် ထိုင်းဆန်တင်ပို့မှု လျော့ကျနိုင်

ထိုင်းဘတ်ငွေ ကန်ဒေါ်လာနှင့်ငွေလဲနှုန်းတွင် မြင့်တက်လာသဖြင့် ထိုင်းဆန်တင်ပို့မှု လျော့ကျနိုင်သည်။ နှစ်နှစ်တာအတွင်း ဈေးနှုန်းများ အမြင့်ဆုံးသို့ရောက်လာသဖြင့် ဆန်တင်သွင်းသူအချို့သည် ထိုင်းဆန်ကို မဝယ်တော့ဘဲ အခြားနိုင်ငံမှ ဆန်ကို ဝယ်နိုင်သည်ဟု ပို့ကုန်အသင်းမှပြောကြားခဲ့သည်။

ထိုင်းဘတ်ငွေ ပိုမိုအားကောင်းလာခြင်းကြောင့် ထိုင်းဆန်တင်ပို့မှုပမာဏကို ယခင်လျာထားချက် ၈ သန်းအစား ယခုနှစ်တွင် တန်ချိန် ၇ ဒသမ ၅ သန်းသို့ လျော့ကျနိုင်သည်ဟု ထိုင်းဆန်တင်ပို့ရောင်းချသူများအသင်း Thai Rice Exporters Association မှ ပြောကြားသည်။ "ငွေလဲနှုန်းက အရမ်းအရေးကြီးပါတယ်။ ဘတ်ငွေမာလာတော့ ဆန်ဈေးကို ဘတ်ကနေ ကန်ဒေါ်လာပြောင်းတဲ့အခါ ထိုင်းဆန်တစ်တန် ကန်ဒေါ်လာ ၄၀ ကနေ ၅၀ အထိဖြစ်လာတယ်" ဟု အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားသည်။ "ဈေးနှုန်းတွေက တစ်တန်လျှင် ကန်ဒေါ်လာ ၄၉၀ နှင့် ၄၉၅ ဒေါ်လာ (တစ်တန်) အထိရောက်ရှိသွားပြီး ဆန်ဈေးခုန်တက်သွားတဲ့အခါ ဝယ်လက်တွေ အသံတိတ်သွားမယ်။ တခြားဆန်တင်ပို့နေတဲ့နိုင်ငံတွေနဲ့ယှဉ်ပြိုင်ရတာ ပိုပြင်းထန်လာမယ်" ဟု ၎င်းကပြောကြားသည်။ ထိုင်းပြည်တွင်းမှာ ပို့ကုန်ဆန် အလုံအလောက်ရှိနေကြောင်း၊ ဆန်လိုသလောက်မရ၍ ဈေးတက်ခြင်းမဟုတ်ကြောင်း ၎င်းကပြောကြားသည်။

၂ နှစ်တာနီးပါးကာလအတွင်း ထိုင်းပို့ကုန်ဆန်ဈေး အမြင့်ဆုံးသို့ရောက်ရှိနေသည်။ ဘတ်ငွေမာလာခြင်းနှင့် အဝယ်လိုက်ခြင်းတို့ ပေါင်းဆုံသောကြောင့်ဖြစ်သည်။ "ဖောက်သည်တွေက ဈေးနှုန်းကြောင့် အခြားသူများထံမှဝယ်ကြလိမ့်မယ်" ဟု ၎င်းကပြောကြားသည်။ ဘတ်ငွေသည် အောက်တိုဘာလမှစ၍ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ၁၃ ရာခိုင်နှုန်းခန့် တန်ဖိုးမြင့်တက်လာခဲ့သည်။

Source: Bangkokpost

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5656-baht-rice-price.html

## ဂျပန်မှ Tropicana “၁၀၀% ဖရဲ” ဖျော်ရည် ဖရဲ ၂% သာ ပါသဖြင့် ယန်း ၁၉ သန်း ဒဏ်ရိုက်



https://www.foodindustrydirectory.com.mm

ဂျပန်နိုင်ငံမှ နာမည်ကြီး ဖျော်ရည်အမှတ်တံဆိပ် Tropicana ကို လှည့်စားပြီး ဈေးကွက်ချဲ့ထွင်မှုဖြင့် ဂျပန်နိုင်ငံတွင် ဒဏ်ငွေရိုက်ခဲ့ပါသည်။

ဈေးကွက်မြှင့်တင်ရေး ကြော်ငြာတွင် “Tropicana 100% Whole Fruit Melon Taste” “Tropicana ၁၀၀% အပြည့် ဖရဲသီးအရသာ” ဟု ဖော်ပြထားခြင်းသည် ၁၀၀% အပြည့် ဖရဲသီးပါသည်ဟု ယူဆစရာဖြစ်နေစေသည်။ ဖျော်ရည်ဘူးများတွင်“100% MELON TASTE”“၁၀၀% ဖရဲအရသာ” ဟု ဖော်ပြထားသည်မှာလည်း အလားတူပင် ထင်ယောင်ထင်မှား ဖြစ်နေစေသည်။

၎င်းဖျော်ရည်ကို ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးသည့်အခါ ဖရဲသီး ၂% မျှသာ ပါဝင်ကြောင်း တွေ့ရသည်။ ကျန်သည့် ၉၈ ရာခိုင်နှုန်းကို ပန်းသီး၊ စပျစ်သီး၊ ငှက်ပျောသီးဖျော်ရည်တို့ဖြင့် ရောစပ်ထားပါသည်။ ဘူးပေါ်မှ သရုပ်ဖော်ပုံကို သေသေချာချာကြည့်မှသာ ပန်းသီး၊ စပျစ်ခိုင်၊ ငှက်ပျောသီးတို့ ဖော်ပြထားသည်ကို သတိပြုမိမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ Consumer Affairs Agency စားသုံးသူရေးရာဌာနက Tropicana ၏ ဂျပန်လိုင်စင်ရ Kirin Beverage ကို သတိပေးထားပြီးဖြစ်သည်။ ဌာန၏ညွှန်ကြားချက်ကို လိုက်နာခဲ့ပြီး ဒီဇိုင်းအသစ် စာသားအသစ် သုံးစွဲခဲ့ပါသည်။ “100% MELON TASTE” အစား “100% Fruit JUICE” ဖြင့် အစားထိုးခဲ့ပါသည်။

ဒီဇိုင်းအသစ်တွင် ပန်းသီးနှင့် စပျစ်သီးများကို ပိုမို မြင်သာပါသည်။ စားသုံးသူရေးရာဌာနက Kirin ကို ၂၀၂၃ ဇန်နဝါရီလ ၁၈ ရက်တွင် စီရင်ဆုံးဖြတ်ခဲ့ရာ၌ ဒဏ်ငွေ ယန်း ၁၈,၁၅၀,၀၀၀ (ကန်ဒေါ်လာ ၁၄၈,၀၀၀) ပေးဆောင်စေခဲ့ပါသည်။

၂၀၂၀ ဇွန်လမှ ၂၀၂၂ ဧပြီလအထိ ကာလအတွင်း ယခင်ဒီဇိုင်းအဟောင်းဘူးဖြင့် ၎င်းဖျော်ရည် ရောင်းအားအပေါ် အခြေခံပြီးတွက်ချက်ထားသော ဝင်ငွေဖြစ်ပါသည်။ ရာခိုင်နှုန်းအားဖြင့် ရောင်းအားဝင်ငွေ၏ ၃% ဖြစ်ပါသည်။

**Source: Mainichi Shimbun**

https://www.foodindustrydirectory.com.mm/food-industry/cuisine/japan/item/5660-tropicana.html

## တစ်ပတ်တာ အာရှဆန်ဈေးကွက် (ထိုင်းဆန်၊ ဗီယက်နမ်ဆန်၊ အိန္ဒိယဆန်)

အိန္ဒိယဆန်တင်ပို့မှုဈေးနှုန်းများသည် ယခုသီတင်းပတ်တွင် ပြည်တွင်းဆန်ဝယ်ယူရရှိမှုတွင် အကန့်အသတ်ရှိနေခြင်းနှင့် ကန်ဒေါ်လာနှင့်လဲနှုန်းတွင် အိန္ဒိယရူပီး တန်ဖိုးတက်ခြင်းများကြောင့် ၂၀၂၁ ခုနှစ် ဧပြီလနောက်ပိုင်း ဈေးနှုန်းအမြင့်ဆုံး အဆင့်သို့ မြင့်တက်ခဲ့သည်။ ထိုင်းနိုင်ငံသည်လည်း ဘတ်ငွေပြန်မာလာခြင်းကြောင့် ပို့ကုန်ဆန်ဈေးတက်သည်။

**အိန္ဒိယဆန်**

ဆန်အများဆုံးတင်ပို့သည့်နိုင်ငံ အိန္ဒိယမှ ၅% ဆန်ကွဲပါ ပေါင်းဆန်<RI-INBKN5-P1> အမျိုးအစား ခေါ်ဈေး တစ်တန်လျှင် ယခုသီတင်းပတ်တွင် $387-$395 ရှိသည်။ ယခင်သီတင်းပတ်က တစ်တန်လျှင် $375-$382 ရှိခဲ့ပါသည်။ ဆန်ဖြူသည် ယခင်သီတင်းပတ်က တစ်တန်လျှင်$398-$405 ရှိခဲ့ရာမှ ယခုသီတင်းပတ်တွင် $435-$440 သို့ မြင့်တက်သည်။

**ထိုင်းဆန်**

၅% ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> အမျိုးအစား တစ်တန်ခေါ်ဈေးသည် ယခင်သီတင်းပတ်က $495 ရှိခဲ့ပြီး ယခုသီတင်းပတ်တွင် $500-$502 သို့ မြင့်တက်သည်။ ၂၀၂၁ ခုနှစ် မတ်လနောက်ပိုင်း အမြင့်မားဆုံး ဈေးနှုန်းဖြစ်သည်။ ကန်ဒေါ်လာနှင့်ငွေလဲနှုန်းတွင် ဘတ်ငွေတန်ဖိုးတက်ခြင်းနှင့် ပြည်တွင်းဝယ်လိုအား မြင့်တက်နေခြင်းတို့ကြောင့် ပို့ကုန်ဆန်ခေါ်ဈေး မြင့်တက်သည်။ ပြည်တွင်းဝယ်ဈေးကို ဘတ်ငွေဖြင့် တွက်ချက်ပေးချေပြီး ပို့ကုန်ဆန်ကို ကန်ဒေါ်လာသို့ ပြောင်းလဲပြီး ဈေးခေါ်သဖြင့် ဘတ်ငွေတန်ဖိုးတက်လျှင် ကန်ဒေါ်လာ ခေါ်ဈေးလည်း လိုက်တက်သည်။ သို့ဖြစ်ရာ ပြည်ပဝယ်လက်အချို့က အမှာစာမပေးသေးဘဲ ဘတ်ငွေတန်ဖိုး အတက်အကျအခြေအနေကို စောင့်ကြည့်နေကြသည်။

ထိုင်းနိုင်ငံက ၂၀၂၃ ခုနှစ် ဆန်တင်ပို့ရန် လျာထားချက်ကို တန်ချိန် ၈ သန်း လျာထားခဲ့သည်ကို ၇.၅ သန်းဟု ပြင်ဆင်လျာထားလိုက်သည်။ ပို့ကုန်ဆန်ဈေးနှုန်းသည် နှစ်နှစ်နီးပါးအတွင်း စံချိန်တင်မြင့်မားနေသဖြင့် ရောင်းအားကျမည်ဖြစ်သဖြင့်

လျှာထားချက်ကို ပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့သူများအသင်း Thai Rice Exporters Association က ပြောကြားသည်။ ဆန်သစ်များ အဝင်နည်းနေပြီး ရာသီလွန်စပါးပေါ်ချိန် ဖေဖော်ဝါရီလနှင့်မတ်လတို့တွင် ဆန်သစ်အဝင်ပြန်များမည်ဟု မျှော်မှန်းထားကြသည်။

**ဗီယက်နမ်ဆန်**

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> အမျိုးအစားသည် ယခင်သီတင်းပတ်အတိုင်း ဈေးနှုန်း အတက်အကျ မရှိဘဲ တစ်တန်လျှင် ခေါ်ဈေး $445-$450 ရှိသည်။ နှစ်သစ်ကူးကာလပြီးသည်အထိ အရောင်းအဝယ်အေးနေဦးမည် ဖြစ်သည်။ ဖေဖော်ဝါရီလတွင် စပါးပေါ်ချိန်မှာ အရောင်းအဝယ်များ ပြန်သွက်လာမည်ဟု မျှော်မှန်းသည်။

၂၀၂၃ ဇန်နဝါရီလ ပထမလဝက်တွင် ဗီယက်နမ်သည် ဆန်တန်ချိန် ၂၂၆,၀၀၀ ကို ကန်ဒေါ်လာ ၁၁၄.၇ သန်းဖြင့် တင်ပို့ခဲ့ပါသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5653-asia-rcie-jan-20.html

## Coca-Cola Vietnam ကို ဗြိတိသျှလုပ်ငန်းစု Swire Pacific Group က ဝယ်ယူ

ဗြိတိသျှလုပ်ငန်းစု Swire Pacific Group (UK) က ရာနှုန်းပြည့်ပိုင်ဆိုင်သော လုပ်ငန်းခွဲ Swire Coca-Cola Limited သည် Coca-Cola Vietnam Beverage Company Limited ကို ဇန်နဝါရီ ၂ ရက်တွင် ဝယ်ယူမှုပြီးဆုံးကြောင်း ကြေညာခဲ့သည်။

Coca-Cola Vietnam Beverage Company Limited သည် Coca-Cola Group (USA) ထံမှ လုပ်ငန်းခွဲလိုင်စင်ရယူပြီး ဗီယက်နမ်တွင် Coca-Cola မှ ထုတ်လုပ်သည့် ဖျော်ရည်ကို ပုလင်းသွပ်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပါသည်။ Swire Coca-Cola Limited သည် အဖျော်ယမကာထုတ်လုပ်ရေးစက်ရုံ ၃ ခု၊ ထုတ်လုပ်မှုလိုင်း ၁၈ ခုနှင့် ဗီယက်နမ်တွင် ဖြန့်ဖြူးရေးစင်တာ ၆ ခုတို့ကို ပိုင်ဆိုင်ပြီး လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ဝန်ထမ်း ၃,၅၀၀ ကို တိုက်ရိုက်နှင့်သွယ်ဝိုက် အလုပ်အကိုင်များ ဖန်တီးပေးထားသည်။

Swire Coca-Cola က Cambodia Beverage Company Limited ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဝယ်ယူခဲ့သည်။ သို့ဖြစ်ရာတွင် ဗီယက်နမ်တွင် ယခုဝယ်ယူလိုက်သည်မှာ အရှေ့တောင်အာရှတွင် Swire Coca-Cola ၏ ဒုတိယမြောက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ အရှေ့တောင်အာရှတွင် ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးချဲ့လိုက်ခြင်းဖြစ်သည်။ အရောင်းအဝယ်တန်ဖိုးကို ထုတ်ဖော်ပြောကြားခြင်းမပြုချေ။

Swire Pacific Group သည် ဗီယက်နမ်နှင့်ကမ္ဘောဒီးယားရှိ Coca-Cola ထုတ်လုပ်မှုလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ဖြင့် ရယူရန်အစီအစဉ်ကို လုပ်ဆောင်နေကြောင်း Bloomberg က ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် သတင်းဖော်ပြခဲ့သည်။ ၎င်းအစီအစဉ်ကို ၆ လအတွင်း ပြီးမြောက်ရန် မျှော်မှန်းထားကြောင်းလည်း ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် ကြီးထွားဆုံး အမြန်ဆုံး နိုင်ငံစီးပွားရေးတစ်ရပ်ဖြစ်ပြီး ကပ်ရောဂါ ကာလတွင် ဂျီဒီပီကြီးထွားနှုန်း ၇% ရရှိခဲ့ပြီး လူဦးရေ ၉၇ သန်း ရှိနေသည့်အပြင် မြို့ပြနေထိုင်မှု ပိုများလာနေသဖြင့် ဗီယက်နမ်သည် အာရှတွင် ကြီးထွားနှုန်း အကောင်းဆုံးဖြစ်မည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ Swire Coca-Cola အတွက် ရေရှည်တွင် သိသိသာသာ ကြီးထွားနိုင်မည့် အလားအလာကောင်းများရှိနေကြောင်း Swire Coca-Cola က Coca-Cola Vietnam ကိုဝယ်ယူကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Swire Coca-Cola သည် Swire Pacific Limited ၏ လက်အောက်ခံလုပ်ငန်းဖြစ်ပြီး ဟောင်ကောင်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည်။ Coca-Cola နှင့် လက်တွဲထားသည့် ကုမ္ပဏီများတွင် ပဉ္စမအကြီးဆုံး ကုမ္ပဏီဖြစ်သည်။ Coca-Cola Group ၏ ထုတ်ကုန်များကို တရုတ်နိုင်ငံရှိ ပြည်နယ်နှင့်မြို့ကြီးများ ၁၁ ခု၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အမေရိကန်ရှိ ပြည်နယ် ၁၃ ခုတို့အတွက် တစ်ဦးတည်း ထုတ်လုပ်ခွင့်၊ ဈေးကွက်တင်ခွင့်နှင့် ဖြန့်ဖြူးခွင့်တို့ကို ရရှိထားသည်။

Swire Coca-Cola ၏ Coca-Cola Group နှင့် ပူးပေါင်းဆောင်ရွက်မှုသည် Swire သည် ဟောင်ကောင်ရှိ Bottling Company ၏ အစုရှယ်ယာအများစုကိုရယူခဲ့သည့် ၁၉၆၅ ခုနှစ်တွင် စတင်ခဲ့သည်။

Swire Coca-Cola သည် လက်ရှိတွင် အချိုရည်အမှတ်တံဆိပ် ၆၀ ကျော်ကို ထုတ်လုပ်နေပြီး အဆိုပါထုတ်ကုန်များကို လူဦးရေ သန်း ၈၈၀ သို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

Swire Pacific သည် အဖျော်ယမကာများအပြင် လေကြောင်း၊ အိမ်ခြံမြေ၊ ရေကြောင်းဝန်ဆောင်မှုများ၊ ကုန်သန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းစသည့် နယ်ပယ်အသီးသီးတွင် လုပ်ကိုင်လျက်ရှိသည့် ကော်ပိုရေးရှင်း တစ်ခု ဖြစ်သည်။

ယမန်နှစ်တွင် အဖျော်ယမကာကဏ္ဍသည် Swire ၏ ဝင်ငွေအများဆုံး ရရှိခဲ့သည့်ကဏ္ဍဖြစ်ပြီး ဝင်ငွေစုစုပေါင်း၏ ၅၈% ကို အဖျော်ယမကာကဏ္ဍမှ ရရှိခဲ့သည်။ အဖျော်ယမကာကဏ္ဍ ဝင်ငွေမှာ ကန်ဒေါ်လာ ၈ ဘီလီယံကျော်သည်အထိ ရောက်ရှိခဲ့သည်။

ဗီယက်နမ်တွင် Swire သည် Swire Coca-Cola လုပ်ငန်းခွဲကို လုပ်ကိုင်လျက်ရှိသည့်အပြင် အဆောက်အဦစီမံကိန်း နှစ်ခုကို ဟိုချီမင်းစီးတီးတွင် Swire Properties လုပ်ငန်းခွဲက လုပ်ကိုင်လျက် ရှိသည်။

Source vnexpress

Source: https://www.foodindustrydirectory.com.mm/food-industry/restaurant/item/5658-coca-cola-vietnam.html

## ဗီယက်နမ်နိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း စောင့်ကြည့်ရမည့် အဓိကကဏ္ဍ(၄)ရပ်

၂၀၂၂ ခုနှစ် တစ်လျှောက်လုံးတွင် ဗီယက်နမ်၏ စီးပွားရေးအခြေအနေသည် မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဟန်ချက်ညီမှုမရှိသည့် ကိုဗစ်မှ ပြန်လည်နာလန်ထူလာမှုနှင့် ယူကရိန်းစစ်ပွဲတို့ကြောင့် ကောင်းစွာရေးဆွဲချမှတ်ထားသည့် အစီအစဉ်များစွာကို ကပြောင်းကပြန်ဖြစ်စေခဲ့ပါသည်။ ယင်းအခြေအနေများကို ထည့်သွင်းစဉ်းစားလျက် ၂၀၂၃ ခုနှစ်တွင် အဓိကကဏ္ဍ(၄)ခုအား စောင့်ကြည့်ရမည်ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံကိုဗစ် ၁၉ ကပ်ရောဂါမှ ပြန်လည်နာလန်ထူလာမှုနှင့်ပတ်သက်၍ တိုးတက်မှုနှုန်း မတူညီကြဘဲ အချို့ကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် ပြန်လည်တိုးတက်လာသကဲ့သို့ အချို့ကဏ္ဍများတွင် နောက်ကျကျန်ခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုများက ဗီယက်နမ်နိုင်ငံ၏ အဓိကပို့ကုန်ဈေးကွက်များကို ထိုးစိုက်ကျဆင်းစေခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံ၏စီးပွားရေးသည် GDP တိုးတက်မှုနှင့်အတူ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်ခဲ့ပြီး ADB ၏ မကြာသေးမီက ခန့်မှန်းချက်အရ ၂၀၂၂ ခုနှစ်တွင် ၇.၅ ထိ အမြင့်ဆုံးသို့ ရောက်ရှိမည်ဟု မျှော်မှန်းရပါသည်။ ဤအခြေအနေအရ ၂၀၂၃ ခုနှစ်တွင် စောင့်ကြည့်ရန် အဓိကကဏ္ဍ(၄)ခုရှိပါသည်။

**စွမ်းအင်**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် Just Energy Transition Partnership (JETP) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် အဆိုပါသဘောတူညီချက်ကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုသည်နှင့် ၎င်းနှင့်အတူ တစ်ပါတည်းဖြစ်ပေါ်လာမည့် မူဝါဒ အပြောင်းအလဲများမှာ ပိုမိုရှင်းလင်းပေါ်လွင်လာနိုင်ပါသည်။

ထိုကဲ့သို့ ရှင်းလင်းလာမှုက ကဏ္ဍအများအပြားအပေါ်၌လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုအပေါ်၌လည်းကောင်း ပိုမိုကျယ်ပြန့်စွာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အမှတ်(၈)သည် မူကြမ်းအဆင့်၌သာရှိနေသေးပါသည်။ ၎င်းအား အကြိမ်ပေါင်းများစွာ ပြင်ဆင်တည်းဖြတ်ပြီးဖြစ်သော်လည်း JETP သဘောတူညီချက်အရ ဗီယက်နမ်နိုင်ငံ၏ ကတိကဝတ်များနှင့် ကိုက်ညီမှုရှိစေရန် ထပ်မံပြင်ဆင်နိုင်ဖွယ်ရှိပါသည်။

သဘောတူညီချက်အရ နောက်တစ်ဆင့်မှာ နိုဝင်ဘာလတွင် အကောင်အထည်ဖော်ရမည့် လမ်းပြမြေပုံဖြစ်ပြီး ၎င်းတွင် ဗီယက်နမ်နိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုကို မည်သို့လျှော့ချမည်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကို မည်သည့်နေရာတွင် ဦးတည်ဆောင်ရွက်မည်ဆိုသည့် အသေးစိတ်အချက်လည်းပါဝင်ပါသည်။

**ခရီးသွားလုပ်ငန်း**

၂၀၂၂ ခုနှစ်သည် ခရီးသွားကဏ္ဍအတွက် အခက်အခဲဖြစ်စေသော နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ နယ်စပ်ကန့်သတ်ချက်များ ပြန်လည်ရုပ်သိမ်းပြီးပါက ဤကဏ္ဍပြန်လည်ဦးမော့လာမည်ဟု မျှော်လင့်ကြောင်းနှင့် ဗီယက်နမ်သည် ယခုနှစ်အကုန်တွင် ခရီးသွား ၅ သန်းခန့် လက်ခံနိုင်မည်ဟု ခန့်မှန်းကြောင်း အားကစားနှင့်ခရီးသွားလာရေး ဒုတိယဝန်ကြီး ဒွန်ဗန်ဗီဘက်က ပြောကြားသည်။

သို့သော်လည်းအဆိုပါအရေအတွက်သည် ၂၀၁၉ ခုနှစ်က ဗီယက်နမ်မှ လက်ခံခဲ့သည့် နိုင်ငံ တကာခရီးသွား ၁၉ သန်း၏ ၁၈ ရာခိုင်နှုန်းခန့်ဖြစ်သည့် ကမ္ဘောဒီးယားသည် ၃.၅ သန်းနှင့် ပိုမိုနီးစပ်မှုရှိပါသည်။ နှိုင်းယှဉ်ကြည့်ပါက ထိုင်းနိုင်ငံသည် ခရီးသွား ၁၀သန်းခန့် လက်ခံရရှိခဲ့ပြီး ယင်းမှာ ကိုဗစ်မတိုင်မီ ပမာဏများ၏ ၂၅ ရာခိုင်နှုန်းခန့်သာရှိသည်။ ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်က နိုင်ငံတကာခရီးသွား ၄၀ သန်း လက်ခံရရှိခဲ့သည်။

ဗီဇာလိုအပ်ချက်များမှအစပြု၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်ရေးဆိုင်ရာ စိန်ခေါ်မှုများအထိ ပါဝင်သည့် အကြောင်းခြင်းရာပေါင်းစုံတို့ကြောင့် ယင်းသို့ခရီးသွားဦးရေ ကျဆင်းလျက်ရှိနေသည့် ဗီယက်နမ်၏ ခရီးသွားကဏ္ဍသည် အပူတပြင်းကိုင်တွယ်ဖြေရှင်းရန် ကိစ္စတစ်ရပ်ဖြစ်လာပါသည်။ အဆိုပါကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းမည့်ပုံစံက ဗီယက်နမ်နိုင်ငံ၏ ခရီးသွားကဏ္ဍ အပြည့်အဝပြန်လည်နာလန်ထူလာစေရေးအပေါ် ဆိုးရွားသည့်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

**သတင်းအချက်အလက်နည်းပညာ**

ဗီယက်နမ်နိုင်ငံ၏ စွန့်ဦးတီထွင်သည့်ကဏ္ဍတစ်ခုဖြစ်သည့် သတင်းအချက်အလက်နည်းပညာကဏ္ဍသည် ကပ်ရောဂါကာလအတွင်း အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးအတိုးတက်ဆုံးလုပ်ငန်းကဏ္ဍဖြစ်လာပါသည်။ အမျိုးသားဆန်းသစ်တီထွင်မှုဗဟိုဌာန (NIC)နှင့် Do Ventures တို့၏ ပူးတွဲအစီရင်ခံချက်အရ ၂၀၂၁ ခုနှစ်အတွင်း ဗီယက်နမ်၏ စွန့်ဦးတီထွင်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအမေရိကန် ဒေါ်လာ ၁.၄ ဘီလီယံရှိခဲ့ပါသည်။ ၎င်းသည် ၂၀၁၉ ခုနှစ်၏ ယခင်စံချိန်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၈၇၄ သန်းထက် သိသိသာသာ တိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးတက်မှုများနှင့်အတူ ဗီယက်နမ်နိုင်ငံတွင် နည်းပညာကျွမ်းကျင် လုပ်သားလိုအပ်ချက်များ မြင့်တက်လာပါသည်။

Adecco ၏ ၂၀၂၂ ခုနှစ် တတိယသုံးလအတွက် ဗီယက်နမ်၏ အလုပ်သမားဈေးကွက် နောက်ဆုံးအခြေအနေ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အတွင်း သတင်းအချက်အလက်နည်းပညာကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများတွင် ဝန်ထမ်း ၅၃၀,၀၀၀ လိုအပ်မည်ဖြစ်ပြီး အမှန်တကယ်ဖြည့်ဆည်းနိုင်မှုက လိုအပ်ချက်ထက် ၁၅၀,၀၀၀ လျော့နည်းနေဦးမည်ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်ချက်နှင့် ရရှိနိုင်မှုအကြားကွာဟချက်သည် ၂၀၂၄ ခုနှစ်တွင် ၁၉၅,၀၀၀ သို့ တိုးလာနိုင်ပါသည်။

ဗီယက်နမ်အစိုးရအနေဖြင့် အနာဂတ်တွင် ဗီယက်နမ်၏စီးပွားရေးကဏ္ဍကို ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းရန် စိတ်ပိုင်းဖြတ်ထားပြီး စက်မှုကဏ္ဍအစီအစဉ် ၄.၀ ကို အင်တိုက်အားတိုက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ထုတ်လုပ်မှုကဏ္ဍမှ မှာကြားမှုများ ကျဆင်းလာနေသည့် အနေအထားတွင် ဤအသွင်ကူးပြောင်းမှုကို အရှိန်အဟုန်မြှင့်တင်ရန် တွန်းအားများရှိနေပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ လူစွမ်းအားရင်းမြစ်များတွင် ပိုမိုသဟဇာတဖြစ်သည့် မူဝါဒနှင့်မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုတို့ဆီသို့ ဦးတည်သွားစေနိုင်ပါသည်။

**ကုန်ထုတ်လုပ်မှု**

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း S&P ၏ ဝယ်ယူရေးမန်နေဂျာများ အညွှန်းကိန်းသည် ယခင်လတွင် ၅၀.၆ ရှိခဲ့ရာမှ ယခုအခါ ၄၇.၄ သို့ ကျဆင်းသွားခြင်းသည် ဗီယက်နမ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် သိသိသာသာ ယုတ်လျော့ကျဆင်းသွားမှုကို ဖော်ပြနေပါသည်။

ကုန်ဝယ်အမှာစာလျော့ကျမှုများနှင့်အတူ စက်ရုံအများအပြားတွင် အလုပ်သမားများကို အလုပ်မှထုတ်ပယ်ပစ်ခြင်း သို့မဟုတ် ၎င်းတို့၏ လုပ်ငန်း တာဝန်များအား သိသိသာသာလျော့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ကြရသည်။ အဆိုပါ အလုပ်သမားအများစုသည် ပြီးခဲ့သည့်နှစ်ကလည်း ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ကြရသည်။ ဤသို့ ဒုတိယအကြိမ် ကျဆင်းမှုသည် ၎င်းတို့အတွက် စိတ်ပိုင်းဆိုင်ရာ ထိုးနှက်ချက်တစ်ခုဖြစ်နိုင်ပြီး အခြားလုပ်ငန်းကဏ္ဍများသို့ ပြောင်းရွှေ့ရန် အလုပ်စတင်ရှာဖွေကောင်း ရှာဖွေကြတော့မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဈေးကွက်အတွင်း ပိုလျှံလုပ်သားများ ရှိနေနိုင်ပြီး ၎င်းတို့သည် အောင်မြင်မှုရရှိနေသော ကုန်ထုတ်လုပ်ငန်းများအနေဖြင့် ၎င်းတို့၏လုပ်ငန်းလည်ပတ်မှုကို ပိုမိုလွယ်ကူစွာ တိုးချဲ့မြှင့်တင်နိုင်ရန် ရှားပါးသောအခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍသည် ဗီယက်နမ်နိုင်ငံစီးပွားရေး၏ ကျောရိုးသဖွယ်ဖြစ်သည့်အတွက် ယင်းကဏ္ဍတွင် မည်သို့ ဖြစ်ပေါ်တိုးတက်လာမည်ကိုကြည့်ခြင်းဖြင့် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးကဏ္ဍအပေါ် ကြိုတင်ခန့်မှန်းမှုကို ပိုမိုကျယ်ပြန့်စွာ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

ခြုံငုံသုံးသပ်ရပါက ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ကမ္ဘာ့စီးပွားရေးနှင့်အတူ ယှဉ်တွဲလျက် အဆက်မပြတ် ပြောင်းလဲလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်အတွင်း ယခုအကျဉ်းချုပ် ရေးသားတင်ပြထားသော အချက်များအပြင် အခြားနည်းလမ်းများဖြင့်လည်း တဖြည်းဖြည်းချင်း တိုးတက်ပြောင်းလဲလာနိုင်ပါသည်။ သို့ရာတွင်ဤကဏ္ဍ (၄) ရပ်သည် ၂၀၂၃ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုအတွက် အဓိကသော့ချက်များသဖွယ် ဖြစ်လာနိုင်ပြီး ယင်းတို့ဖြစ်ထွန်း ပေါ်ပေါက်လာမည့် ပုံစံကဗီယက်နမ်နိုင်ငံ၏စီးပွားရေး ရှေ့သို့ဆက်လက်တိုးတက်ရန် အရေးပါသည့်အဆုံးအဖြတ်တစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။

**Source:** https://myantrade.gov.mm/article/%E1%80%97%E1%80%AE%E1%80%9A%E1%80%80%E1%80%BA

## STOCK EXCHANGE (24.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,762 (Shares) | 13,213,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,600 | 8,600 | 8,500 | 764 | 6,514,200 | 33,109,694 | 281,432 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,250 | 3,300 | 3,200 | 1,731 | 5,598,750 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 67 | 120,600 | 24,720,530 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 200 | 980,000 | 10,497,598 | 51,438 |

## Market summary

As of 24th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.97 | -3.03 | -0.78% | 386.00 | 387.11 | 382.97 | 2,762 | 13,213,550 | 7 | 666,228 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 24th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 2,762 (Shares) | 13,213,550 (MMK) |

### Main Board

As of 1:00 pm, 24th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,762 (Shares) | 13,213,550 (MMK) |

| MYANPIX | 382.97 ▼ 3.03 |
|---|---|
| Total Volume (shares) | 2,762 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 666,228 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |